တပယင်းမြို့ရေဦးကုံဘက်ဆရာတော်
သာသနာရေးဆိုင်ရာဆက်သွင်းစာ

တပယင်းမြို့ရေဦကုံဘက်ဆရာ။ မေတ္တာစာသွင်ဆက်သည်။ သာသနဒါယကာ မဟာဓမ္မ
ရာဇ်။ လူ၃ပါးတို့၏မြက်ရှု သပ္ပည့ုဘုရားသ္ခင်ပရိနိဗ္ဗန်စံယူတော်မူသည်နော် အနှစ်၂၂၆၃ မျော်သောအခါ ပါတလိပုတ်ပြည်ကြီးကို။ အစိုးရသောသီရိဓမ္မာသောကမင်းကြီးကို အမှီသဟဲသကဲ့သို့ပြု၍။ အရှင်မဟာကဿဘအမှူးရှိသော ၁၀၀၀သောရဟန္တာအရှင်မြတ်တို့သည် သာသနာတော်၏အညစ်အကျေးဘေးရာန်ကိုပြုတတ်သော အလဇ္ဇိဒုဿီလ ပါပသမာစာရဖြစ်သော ပုဂ္ဂိုလ်တို့ကို ဒုမင်္ဂုန်ပုဂ္ဂလာန်နိဂ္ဂဟာယစသော ဒေသနာတေတော်မြတ်နှင့်အညီ နှိတ်နင် သုတ်သင်ရှင်းလင်းတော်မူ၍ တကမ္ဘာပါတ်လုံးထန်းလင်းတောက်ကသောနေမင်းလမင်းတို့ကဲ့သို့ သာသနာတော်၅၀၀၀ပါတ်လုံးမဆုံမခြင်းထွန်းလင်းတော်ကစေခြင်းငှါ။ပိဋကတ်၃ပုံကို။သင်္ဂါယနာတင်တော်မူပြီးနော်။မဟာ်သကမဏ္ဍလတိုင်။အပရ န္တကတိုင်သုဝဏ္ဏဘုမ္မိ။သီဟဠဒီပသော။ ၉ ထာနသောအရက်တို့သို့သောန ဥတ္တရစသော မထရ် တို့ကို အသီးအသီးစေလွှတ်တော်မူ၍ သာသနာတော်ကို သုတ်သင်ရှင်းလင်းတော်မူသော ရဟန္တာ အရှင်မြတ်တို့အား။ အစိန္တေယျ ၃ လူ့ထွဋ်ထားမြတ်စွာဘုရားသ္ခင်၏ တပည့်ရဟန်းသဃ်ာ လူတကာတို့၏ ဥဂ္ဂတ် သာသနာတော်မြတ်၏ သ္ခင်ရွှေကျည်ဆရာတော် အရှင်သူမြတ်သည်။ သာသနာအထူးသဖြင့် သန့်ရှင်းစင်ကြယ်စေလိုသော သမာဆန္ဒရှိတော်မူသည်အတိုင်း သာသန ဒါယကာမင်းဧကရာဇ်ကို အမှီသဟဲပြု၍ မန်ကျီတိုက်အလုံမြို့ တလုပ်မြို့တို့သည် သာသနာတော် ကို သုတ်သင်ရှင်းလင်းစေရန် ဂဏာစရိယ ဂဏာမာမောက္ခ သာသနသောန ပုဂ္ဂိုလ်တို့ကို ရွေးချယ်၍ ဂိုဏ်းအုတ်ဂိုဏ်းတော်ခန့်ထားပြီးလျှင် အသီးသီးအရပ်အရပ် ဥပဒေဆင့်စာတို့ကိုပေးအပ်၍ ရတနာပုံမြို့တော်နေ ရွှေကျည်တိုက်ဆရာတော် မင်ကင်တိုက်ဆရာတော်နှင့်တကွ ဆရာတို့ကို စေလွှတ်သဖြင့် ဆရာမှာရွှေကျည်ဆရာတော်မိန့်ချက်အရ မင်းဧကရာဇ် သမာဆန္ဒရှိသည့်အတိုင်း ၁၂၃၄ ခု တပေါင်းလပြည့်ကျော် ၂ ရက်နေ့ တပယင်မြို့ကထွက်ခဲ၍ အလုံမြို့စီရင်စု ရဲထွက်ရွာ ကန်စင်ရွာ၊ ပုတ္တလင်ရွာ အလုံမြို့သို့ဆိုက်ရော်သဖြင့် မြို့အုပ်နေ မျိုးသိရိကျော်ထင် ခံတော်မြို့ စာရေးတို့နှင့်တကွ။ မြို့ကျေးရွာနေ ဥပါသကာဥပါသကီတို့အား တရားသဖြင့် အနုသာသနကြို ကြောင်းပြ၍ ဆုမ္မသြဝါဒပေးရာ မဘီမဆန့်နာခံကြ၍ သရဏဂုံ ၃ ပါး ၅ပါးသီလ။ ၈ပါးသီလ။ ၁၀ ပါးသီလတို့ကို အသီးသီးခံဝံချက်ချ၍ တလ ၄ သိတင် ၈သိတင်စွန့်နိုင်းသမျှ ဦးပုဒ်ဆော် တည်ပြီးလျှင် နေ့စည်မပြတ် ဘုရားပုထိုးရှိခိုးဝတ်တက် ဝတ်ကပ်အမုံသွားလာနိုင်သူ လူပေါင်း ၄၀၀ ကျော် ၅၀၀ ခန့် စာရင်းချမှတ်ခံပြီးလျှင် ဝမ်းမြော်ဝမ်းသာ ကြည်လင်ရွှင်လန်းသော စိတ်ဖြင့်အားလုပ်ကြပါကြောင်းကို သိရအောင်အဆောင်မြ ငရွှေသာတွင် မေတ္တာသွင်းအပ်သည် သာသနဒါယကာ မဟာဓမ္မရာဇ်။
ရွှေနန်းတော်သွင်း

MWT-0261-01  to  MWT-0261-02